ရခိုင်

# မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း

# သိကောင်းစရာတိ




လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန

ပြည်သူ့အင်အားဦးစီးဌာန



ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ နည်းပညာပံ့ပိုးမှု

နိုဝင်ဘာလ ၂၀၁၇ခုနှစ်



## နိဒါန်း

ပြည်သူလူထုရေ ဇာသန်းခေါင်စာရင်းမာမဆို သန်းခေါင်စာရင်းလုပ်ငန်းနန့် ပတ်သက်တေယက်ပြက် မိန်းခွန်းများ မိန်းကတ်တေပိုင်အချက်အလက်တိကိုလည်း ရှုရှင်းလလင်း  သိလိုကတ်ပါရေ။ ပြီးခရေ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခစိုင်အတွိ့အကြုံတိနန့် ဒေသအသီးသီးမာဟိရေ လူမှုအဖွဲ့အစည်းတိနန့် တွိ့ဆုံဆွေးနွေးခစိုင် အတွိ့အကြုံများကို အခြီခံပြီးကေအောက်ပါမိန်းခွန်းတိနန့် အဖြေတိကို ပြုစုခပါရေ။ မိန်းခွန်းနှင့်အဖြေ အကျဉ်းချုပ်မာ အောက်ပါအတိုင်း ဖြစ်ပါသည် -

### ၁။ လူဦးရေသန်းခေါင်စာရင်းဆိုစွာဇာလဲ။

လူဦးရေသန်းခေါင်စာရင်းတခုဆိုစွာ သတ်မှတ်ချိန်တစ်ချိန်မာ နိုင်ငံတစ်နိုင်ငံလုံးကို လွှမ်းခြုံရေ လျှပ်တစ်ပြက်ဓါတ်ပုံရိုက်ယူလိုက်ခြင်း ပင်ဖြစ်ပါရေ။ အေလုပ်ငန်းစဉ်ကနီ နိုင်ငံထဲမာ လူဦးရေဇာလောက်ရှိ နီလေး၊ ကျား/မ အလိုက် အသက်အပိုင်းအခြားအလိုက်လူဦးရေ၊ နီထိုင်မှုအခြီအနေတိအခြီခံ ကူညီမှု တိ လက်လှမ်းမှီရဟိမှုတိကို ရဟိနိုင်ပါရေ။ အေအချက်အလက်တိစွာ အားလုံးအတွက် အရေးကြီးပါရေ၊ မြန်မာနိုင်ငံ၏ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကြီးကို ၂၀၁၄ ခုနှစ်၊ မတ်လ/ဧပြီလမာစတင်ပါဖို့။သန်းခေါင်စာရင်းရည်ညွှန်းချိန်က ၂၀၁၄ ခုနှစ် မတ်လ (၂၉) ရက်နီ့ ဉာဥ့်သန်းခေါင်ယံမဖြစ်ပါရေ။

### ၂။ သန်းခေါင်စာရင်းကို ဇာသူရို့က တာဝန်ယူဆောင်ရွက်ပါလေး။

လူဝင်မှုကြီးကြပ်ရေးနန့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်အောက်မာဟိရေ ပြည်သူ့အင်အားဦးစီးဌာနက သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းတိကိုတာဝန်ယူဆောင်ရွက်နီန့်ပါရေ။ အေဌာနကသန်းခေါင်စာရင်း ဥပဒေနန့်အညီ သန်းခေါင်စာရင်း ကောက်ယူဖို့နန့် တိကျမှန်ကန်ရေ အချက်အလက်တိကို အချိန်နန့် တစ်ပြေးညီ ရဟိထုတ်ပြန်ပီးဖို့ ဖြစ်ပါရေ။

### ၃။ ဇာအတွက်သန်းခေါင်စာရင်းကောက်ဖို့လိုပါလေး။

နိုင်ငံအတွင်းနီထိုင်ကတ်တေလူဦးရေ (ယေမှမဟုတ်) အုပ်ချုပ်မှုဒေသလိုက်လို့ လူဦးရေ၊ နီထိုင်မှုအခြီအနေနန့်အခြီခံဝန်ဆောင်မှုတိ လက်လှမ်းမီရဟိမှု အခြီအနေအတိအကျကို သန်းခေါင်စာရင်းကောက်ယူခြင်းနန့်ရာ ရဟိနိုင်ပါရေ။ ယင်းအချက်အလက်တိကို အသုံးပြုပနာ နိုင်ငံတော်အစိုးရကပင်ဖြစ်ဖြစ်၊ အစိုးရမဟုတ်တေပြင်ပပုဂ္ဂလိက အဖွဲ့အစည်းတိကပင်ဖြစ်ဖြစ် စီမံကိန်းတိရီးဆွဲနိုင်ဖို့ ဖြစ်ပါရေ။ အေသန်းခေါင်စာရင်ကရဟိဖို့ အချက်အလက်တိကိုကြည့်စွာနန့် ပြည်သူလူထုမာ ပညာရေး၊ကျန်းမာရေးစောင့်ရှောက်မှု၊ အိမ်ယာနေရာချထားရေးနန့် သယ်ယူပို့ဆောင်ရေးကဏ္ဍတိမာ အရင်းအမြစ်တိဇာလောက်လိုနိန်လဲဆိုစွာကို စီမံကိန်းရီးဆွဲရေလူတိ သိဟိလာဖို့ဖြစ်ပါရေ၊ ယင်းအတွက်နန့် ၂၀၁၄ ခုနှစ်၊ မတ်လ(၃၀)ရက်နိန့်မာစတင်ဖို့ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းမာ မြန်မာနိုင်ငံထဲနီထိုင်လူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ ကကောင်းအရေးကြီးပါရေ။

### ၄။ မြန်မာနိုင်ငံမာ နောက်ဆုံးသန်းခေါင်စာရင်းကို ဇာခါက ကောက်ခပါလေး။

မြန်မာနိုင်ငံမာနောက်ဆုံးသန်းခေါင်စာရင်းကို ၁၉၈၃ ခုနှစ်ကကောက်ယူခပါရေ၊ ၁၉၈၃ခုနှစ် သန်းခေါင်စာရင်းကောက်ယူပြီး

နှစ်ပေါင်း(၃၀)ကြာမှ ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်း ကိုကောက်ယူဖို့ဖြစ်ပါရေ။ အဂုကောက်ဖို့သန်းခေါင် စာရင်းက မြန်မာနိုင်ငံ၏ လိုအပ်ချက်တိနန့်မြန်မာနိုင်ငံ၏ အနာဂတ်အတွက် ကကောင်း အရေးကြီးပါရေ။

## ၅။ သန်းခေါင်စာရင်းတစ်ခုကို ဇာလောက်ကိုတစ်ခါ ကောက်သင့်ပါလေး။

နိုင်ငံတော်တော်များများမာ သန်းခေါင်စာရင်းတိကို (၁၀)နှစ်တစ်ကြိမ် နိုင်ငံတကာ စံချိန် စံညွှန်းအတိုင်း ကောက်ယူလေ့ဟိကတ်ပါရေ။ ယင်းတွက်နဲ့ မြန်မာနိုင်ငံမာလည်း နိုင်ငံတကာ စံချိန်စံညွှန်းနဲ့အညီ (၁၀) နှစ်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူလားဖို့ဖြစ်ပါရေ။

## ၆။ ၂၀၁၄ခုနှစ်သန်းခေါင်စာရင်းမာ အကျွန့်ရို့ ဇာအတွက်နန့် ပါဝင်ဆောင်ရွက်ဖို့လိုအပ်ပါလေး။

သန်းခေါင်စာရင်းက ရရေအချက်အလက်တိကို စီမံကိန်းတိရီးဆွဲဖို့အတွက် အသုံးပြုဖို့ ဖြစ်ပါရေ။ သင်ရို့ပါဝင်မှုမရကေ ကောက်ယူရဟိရေ အချက်အလက်တိစွာ မြန်မာနိုင်ငံ၏ အမှန်လူဦးရေကို ဖော်ပြနိုင်ဖို့ မဟုတ်ပါ။ နိုင်ငံတော်အစိုးရ၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်နီသူတိ သုသေသနအဖွဲ့အစည်းတိနန့် ပုဂ္ဂလိကကဏ္ဍတိအနီနန့်ထိ ရောက်မှုရှိရေအစီအစဉ်နန့် မူဝါဒတိရီးဆွဲဖို့ အတွက် တိကျမှန်ကန်ရေ အချက်အလက်တိ လိုအပ်ပါရေ။သန်းခေါင်စာရင်းကရာ သင်တို့၏လိုအပ်ချက်တိကို နိုင်ငံတော်စီမံကိန်းတိမှာ တည့်သွင်းရီးဆွဲနိုင်ဖို့ဖြစ်ပါရေ။

## ၇။ အေသန်းခေါင်စာရင်းမာအကျွန့်ရို့ပါ ပူးပေါင်းဆောင်ရွက်ရဖို့လား ၊

ဟုတ်ပါရေ - သင်ရို့လည်း ပူးပေါင်းဆောင်ရွက်ရပါဖို့။ သန်းခေါင်စာရင်းတစ်ခု ကောက်ဗျာလ် ဆိုကေ လူတိုင်းကို စာရင်းကောက်ဖို့ပါ။ စစ်တမ်းကောက်တေပိုင် နမူနာရွီးချယ်ပြီး ကောက်ယူဖို့ မဟုတ်ပါ။ ရပ်ကွက်/ကျေးရွာအုပ်စု အဆင့်အထိ အချက်အလက်တိကို ရဟိနိုင်ရေ တစ်ခုတည်းသော နည်းလမ်းက သန်းခေါင်စာရင်းကောက်ယူစွာရာ ဖြစ်ပါရေ။ စီမံကိန်း ရီးဆွဲရေးလုပ်ငန်းအတွက် အရေးကြီးရေ ရွှီ့ပြောင်းလားလာမှု ပုံသဏ္ဍာန်တိ၊ ပညာရေးအခြီအနီ၊ မသန်မစွမ်းသူတိ၊ အလုပ်အကိုင်ရဟိမှုအခြီအနီ၊ မွီးဖွားခြင်း၊ သေဆုံးခြင်းနန့် ကူညီမှုရဟိမှုအခြီအနီတိကို ရပ်ရွာအဆင့်အထိ ရဟိနိုင်ပါရေ။ ယင်းအတွက်နဲ့ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကြီးမာ စာရင်း လာကောက်ရေ ဆရာ/ဆရာမတိနန့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ကတ်ဖို့နန့် ပြည့်စုံတိကျမှန်ကန်ရေး အချက် အလက်တိ ပီးကတ်ဖို့ တိုက်တွန်းလိုပါရေ။

မှတ်ချက်။ ပြည်သူ့လွှတ်တော်က အတည်ပြုပြီးထားရေ သန်းခေါင် စာရင်းဥပဒေစွာ သင်ရို့ကို အကာအကွယ်ပီးဖို့ဖြစ်ပါရေ။အေဥပဒေ အရ သန်းခေါင်စာရင်းညဉ့်မာ မြန်မာနိုင်ငံထဲ နီထိုင်လူ အားလုံးအနီနန့် စာရင်းကောက်တိကမိန်းမြန်းရေမိန်းခွန်းတိကိုဖြေပြီးဖို့လိုအပ်ပါရေ။ အေဥပဒေက သင်ရို့ပီးရေ အချက်အလက်တိကိုလျှို့ဝှက်ထားဖို့ အာမခံချက် ပီးထားပါရေ။သန်းခေါင်စာရင်းကောက်ယူခရေအချက်အလက်တိကို စာရင်းဇယားပြုစုဖို့အတွက်ရာရည်ရွယ်အသုံးပြုဖို့ဖြစ်လို့ဇာလူ တစ်ဦးတစ်ယောက်က တစ်ဦးချင်း၏ အချက်အလက်တိကို ရယူနိုင်ဖို့မဟုတ်စွာ ပြောကြားလိုပါရေ။

## ၈။ အကျွန်ရို့အိမ်တံခါးဝကို ရောက်လာလူစွာ သန်းခေါင်စာရင်းရုံးက ဖြစ်စွာကို ဇာပိုင်သိနိုင်လေး။

သန်းခေါင်စာရင်းလာကောက်တေစာရင်းကောက်ဖြစ်ကြောင်းအောက်ပါအချက်အလက်တိအရသိနိုင်ပါရေ။

(၁) စာရင်းကောက်ဖြစ်ကြောင်းအသိအမှတ်ပြုကတ်။
(၂) သန်းခေါင်စာရင်းအထိန်းအမှတ်သင်္ကေတပါရေစာရင်းကောက်ဝတ်စုံ။
(၃) သန်းခေါင်စာရင်းမေးခွန်းတိကိုင်ဆောင်ထားစွာ။
(၄) (A3) စက္ကူအရွယ်ရှိရေဒေသမြေပုံတစ်ခုနန့်
(၅) များသောအားဖြင့်သင်ရို့၏ ဒေသခံရပ်ရွာလူကြီးတိက စာရင်းကောက် တိနန့်အတူ လိုက်ပါပီးစွာကို တွေ့ရပါဖို့။ စာရင်းကောက်အဖြစ် သင်ရို့၏ ဒေသမာဟိရေ ကျောင်းဆရာ/ဆရာမတိက စာရင်းကောက်ဖို့ဖြစ်ပါရေ။ သန်းခေါင် စာရင်းကောက်ယူရေ လုပ်ငန်းမစခင် ဒေသခံရပ်ကွက်လူကြီးတိက စာရင်းကောက်တိနန့် သင်ရို့ကိုမိတ်ဆက်ပီးပါဖို့။



## ၉။ သန်းခေါင်စာရင်းမှာ ဇာလူတိကို ရီတွက်ဖို့လဲ။

၂၀၁၄ ခုနှစ် မတ်လ(၂၉)ရက်နိန်ညဉ့်မာ မြန်မာနိုင်ငံနယ်နိမိတ်ထဲဟိ လူအားလုံးကို ရီတွက်ဖို့ဖြစ်လို့ နိုင်ငံသားမရွီး၊ လူမျိုးမရွီး၊ အသက်အရွယ် အဆင့်အတန်းမရွီး၊ လူတိုင်းကို ရီတွက်လားဖို့ ဖြစ်ပါရေ။ စာရင်းကောက်ယူစွာမာ သာမန်အိမ်တောင်စုတိမှာနိန် ထိုင်လူတိရာမက အဖွဲ့အစည်းတိဖြစ်တေ ဆေးရုံတိ၊ ဟော်တယ်တိ၊ မိဘမဲ့ကျောင်းတိ၊ စစ်တန်းလျားတိ၊ ဘုန်းကြီးကျောင်းတိ စစ္စာရို့မာ နိတိုင်သူ အားလုံးကိုလည်း ကောက်ယူဖို့ ဖြစ်ပါရေ။ ဒုက္ခသည်စခန်းတိမာ ဟိရေလူအားလုံးလည်း ပါဝင်ဖို့ ဖြစ်ပါရေ။ အိမ်ယာအတည်တကျ မဟိလူတိကိုလည်း သန်းခေါင်စာရင်းမာ ထည့်ကောက်ဖို့ဖြစ်ပါရေ။

## ၁၀။ အကျွန်တို့ကို အေသန်းခေါင်စာရင်းမာ ထည့်သွင်းရီတွက်လားရေလို့ သေချာအောင် သင်ရို့ဇာပိုင် လုပ်ဖို့လေး။

သန်းခေါင်စာရင်းလုပ်ငန်းတာဝန်ရှိလူတိစွာ မြေပုံရီးဆွဲခြင်း လုပ်ငန်းကိုဆောင်ရွက်ပြီးဖြစ်ပါရေ။ မြန်မာတစ်နိုင်ငံလုံးမာဟိရေ ရပ်ကွက်နန့်ကျေးရွာအုပ်စုတိုင်းကို ကောက်ကွက်တိခွဲပနာ ကောက်ကွက်မြေပုံတိ ရီးဆွဲပြင်ဆင်ခရပါရေ။ နိုင်ငံထဲရှိ နယ်မြေဒေသအားလုံးကို လွှမ်းခြုံနိုင်ဖို့အတွက် မြေပုံတိကို အသုံးပြုရပါရေ။ သန်းခေါင်စာရင်းစတင်မကောက်ခင်က (၃)ရက်အလိုမာ ကောက်ကွင်းတစ်ခုထဲမှ ဟိရေအိမ်ထောင်စုစာရင်းတိကို ပြန်လည်စစ်ဆီးရပါဖို့။ ကွင်းဆင်း စာရင်းကောက်တေအခါမာ ကောက်ကွက်တစ်ခုချင်းမာယင်းအိမ်ထောင်စုစာရင်းအရ အိမ်ထောင်စုအားလုံးကို ထည့်သွင်း ကောက်ယူထားခြင်းဟိ/မဟိ အပြန် အလှန် စစ်ဆီးဖို့အတွက်ဖြစ်ပါရေ။ သင့်၏အိမ်ထောင်စုကို ဧပြီလ(၁၀)ရက်နိန့်တိုင်အောင် စာရင်းကောက်ယူခြင်းမဟိသိမ့်ကေ ကိုယ့်ရပ်ရွာလူကြီးတိကို ဆက်သွယ်သင့်ပါရေ။ ယေမှမဟုတ်သင်ရို့၏ မြို့နယ်သန်းခေါင်စာရင်းရုံးက ပြည်သူလူထုကိုပီးထားရေ ဖုန်းနံပါတ်ကို အကြောင်းကြားနိုင်ပါရေ။ သင်နိထိုင်ရေနီရာကို စာရင်းကောက်တစ်ယောက်လွှတ်ပီးပနာ စာရင်းကောက်ဖို့ စီစဉ်ပီးဖို့ဖြစ်ပါရေ။ သင့်အိမ်ထောင်စုကို စာရင်းကောက်ပြီးဗျာလ်ဆိုကေစာရင်းကောက်ပြီးကြောင်း အမှတ်အသားကတ်ပြားကို သင့်အိမ်တံခါးမာကပ်ထားခဖို့ ဖြစ်ပါရေ။

## ၁၁။ သန်းခေါင်စာရင်းကောက်ယူခါက အကျွန်ပီးလိုက်တေ အချက်အလက်တိကို အခွန်အခအတွက် အသုံးမပြုကြောင်း နန့် တာဝန်ရှိလူတိက အရေးယူဖို့မဟုတ်ကြောင်း ဇာပိုင်လုပ်သိနိုင်ဖို့လေး။

ပြည်သူ့လွှတ်တော်က အတည်ပြုထုတ်ပြန်ပြီးဖြစ်တေ သန်းခေါင်စာရင်းဥပဒေစွာ လူတစ်ဦးချင်း၏ အချက်အလက်တိကို လျှို့ဝှက်ထားဖို့ အာမခံချက်တ ပီးထားပါရေ။ သန်းခေါင်စာရင်းအရာရှိတိုင်း ကောက်ယူရဟိရေ အချက်အလက်တိကို ဥပဒေနန့်အညီ လျှို့ဝှက်ထားရပါဖို့။ ပြည်သူ့အင်အားဦးစီးဌာန ဝန်ထမ်းတိကလည်း သူရို့တာဝန်ထမ်းဆောင်ခါကာလမာ လျှို့ဝှက်ဆောင်ရွက်ရဖို့ အချက်အလက်တိကို ဇာလူကိုမှ အသိပီးဖို့ မဟုတ်ကြောင်း တရားဝင်လက်မှတ်ထိုးထားရပါရေ။ သန်းခေါင်စာရင်းဥပဒေအရ တာဝန်အရမသက်ဆိုင်သူတခြား လူပုဂ္ဂိုလ်တစ်ဦးချင်းကိုဖြစ်စေ၊ အဖွဲ့အစည်း (အစိုးရဌာနများ အပါအဝင်) ကိုဖြစ်စေ သန်းခေါင်စာရင်းက ကောက်ယူခရေတစ်ဦးချင်း အချက်အလက်တိကို တောင်းယူပိုင်ခွင့်မရှိပါ။ တခြားအစိုးရအဖွဲ့အစည်းတိကလည်းသန်းခေါင်စာရင်းကောက်ယူခါကာလမာဇာလူတစ်ဦးတစ်ယောက်၏ အချက်အလက် တိကိုမှ ကြည့်ရှုခွင့်မဟိပါ။ သန်းခေါင်စာရင်းအချက်အလက်တိကို ထုတ်ပြန်ဖို့မဟုတ်ပါ။ သန်းခေါင်စာရင်းဥပဒေကို ချိုးဖေါက်ပနာ အပြစ်ဟိကြောင်းတွီ့ဟိရရေ စာရင်းကောက်တိ (ယေမှမဟုတ်) ဌာနမှဝန်ထမ်းတိကို ငွေဒဏ် (ယေမှမဟုတ်) ထောင်ဒဏ်(ယေမှမဟုတ်) ပြစ်ဒဏ်(၂)ရပ်လုံး ကျခံရဖို့ ဖြစ်ပါရေ။

## ၁၂။ အကျွန်ရို့နာမည် အပြည့်အစုံကို ဇာအတွက် လိုအပ်ပါသလေး။

ပြည်သူ့အင်အားဦးစီးဌာနက အိမ်ထောင်စုဝင်အားလုံး၏ နာမည်တိကို မိန်းရရေ အကြောင်းရင်းနန့် “သန်းခေါင်စာရင်းကောက်ယူပြီးကြောင်း အမှတ်အသားကပ်ပြား” ကပ်ရရေအကြောင်းက မှန်ကန်မှုကို စစ်ဆီးဖို့ ဖြစ်ပါရေ။ သန်းခေါင်စာရင်းမာ အိမ်ထောင်စုဝင်အားလုံးကို ကောက်ယူနိုင်ဖို့နန့်အမှန်တကယ် ကောက်ရဖို့လူတိကို ထည့်သွင်း ကောက်ယူခြင်း ဟိ/မဟိသေချာစီဖို့ နာမည်ကိုမိန်းမြန်းခြင်းဖြစ်ပါရေ။ သင့်အိမ်ထောင်စုကို ပြည့်စုံစွာစာရင်း ကောက်ယူပြီးစီးရေအခါ သင့်၏ကိုယ်ရေးအချက်အလက်တိ (ဥပမာ-နာမည်) မိန်းခွန်းပုံစံနဲ့ အဆောက်အအုံစာရင်းမာ ဝင်သွားဖို့ဖြစ်ပါရေ။ အချက်အလက်တိ၏ မှန်ကန်မှုကို သေချာအောင်လုပ်ပြီးစွာနန့်

တစ်ပြိုင်တည်း ယင်းအချက် အလက်တိကိုပင် ကွန်ပျူတာထဲကို ထည့်သွင်းဖို့ ဖြစ်ပါတယ်။ နာမည်ကို ပုံရိပ်ဖမ်းစက်က ဖတ်နိုင်ခြင်းမဟိပါ။ နောက်ဆုံး အဆင့် စာရင်းဇယားပြုစုရေအချိန်မာ အိမ်ထောင်စုတိ၏ အချက်အလက်တိကို နာမည်မပါဘဲ စာရင်းဇယားတိ အဖြစ်သို့ ပြောင်းပီးဖို့ဖြစ်ပါရေ။ ယင်းတွက်နဲ့ ထုတ်ပြန်ဖို့ အချက်အလက်တိကနီ အိမ်ထောင်စုတစ်ခု (ယေမှမဟုတ်) တစ်ဦးချင်းစီကို နောက်ကြောင်းပြန်ပြီး လိုက်ကြည့်နိုင်ခြင်းမဟိပါ။

## ၁၃။ သန်းခေါင်စာရင်းမိန်းခွန်းပုံစံတိကို ဇာဘာသာရပ်တိနိန့် ပြုစုထားပါလေး။

သန်းခေါင်စာရင်း မိန်းခွန်းတိကို မြန်မာဘာသာနဲ့ ပြုစုထားပါတယ်။ နိုင်ငံခြားသားတိကို စာရင်းကောက်ယူဖို့ အင်္ဂလိပ်ဘာသာနန့် ပြုစုထားပါရေ။ စာရင်းကောက်တိအနီနန့် သင်ရို့၏ဒေသခံဘာသာစကားကို ပြောဆိုတတ်ပါရေ။ ညွှန်ကြားချက်လက်စွဲစာစောင်ထဲမှာ အရေးကြီးရေအချက်အလက်အချို့ကို သင်ရို့၏ဘာသာစကားနန့် ပြုစုပီးဖို့ ဖြစ်တေအတွက် မိန်းခွန်းထဲမာဟိရေ တချို့အသုံးအနှုန်းတိကို ရှင်းလင်းပြရေအခါ လိုက်လျောညီထွေမှုဟိဖို့ ဖြစ်ပါရေ။

## ၁၄။ မိန်းခွန်းပုံစံကို ဖြည့်ဖို့ အချိန်ဇာလောက်ကြာပါသလေး။

မိန်းခွန်းပုံစံကို ဖြည့်ဖို့ပျမ်းမျှအချိန် (၂၅)မိနစ်လောက်ကြာနိုင်ပါရေ။ မတ်လ(၂၉)ရက်နိန်ညဉ့်မာ သင့်၏အိမ်ထောင်စုမှာ ဟိနိန်ခရေ လူဦးရေအရေအတွက်ပေါ်မူတည်ပနာ အချိန်အနည်းငယ် အတိုးအလျှော့ ဟိနိုင်ပါရေ။

## ၁၅။ မိန်းခွန်းပုံစံကို ကိုယ်ကိုယ်တိုင် ဖြည့်နိုင်ပါလေး။

မရပါ။ မိန်းခွန်းပုံစံကို မြန်မြန်ဆန်ဆန် ဖြည့်သွင်းနိုင်ဖို့အတွက် စာရင်းကောက်တိကို အထူးလေ့ကျင့်သင်တန်း ပီးထားပါရေ။ လေ့ကျင့်ပီထားရေ စာရင်းကောက်တိရာ မိန်းခွန်းပုံစံတိကို ဖြည့်ဖို့သင့်လျော်ပါရေ။

## ၁၆။ အကျွန်၏ အိမ်ထောင်စုအချက်အလက်တိ ဖြည့်ထားရေမိန်းခွန်းပုံစံကို သန်းခေါင်စာရင်းရုံးကို ကိုယ်တိုင် ပြန်ပို့လို့ရပါလား။

မရပါ။ စာရင်းကောက်တိကိုယ်တိုင် မိန်းခွန်းပုံစံကို ပြန်လည်အပ်နှံရဖို့ ဖြစ်ပါရေ။ သူရို့ကို ပီးထားရေ မိန်းခွန်းပုံစံအားလုံးကို သူရို့ကိုယ်တိုင် တာဝန်ယူအပ်နှံရဖို့ ဖြစ်ပါရေ။

## ၁၇။ သန်းခေါင်စာရင်း လာကောက်ရေလူတိကို အကျွန်ရို့ အိမ်ထဲ ဝင်ခွင့်ပီးရဖို့လား။

အိမ်ထောင်စုတစ်စုကို စာရင်းကောက်ယူဖို့ အချိန်အတိုင်းအတာ တစ်ခုကြာဖို့ဖြစ်တေအတွက် စာရင်းကောက်တိကို ကြိုဆိုလက်ခံပီးဖို့ အားလုံးကို မေတ္တာရပ်ခံလိုပါရေ။ စာရင်းကောက်တိစွာ မိန်းခွန်းပုံစံကို ဖြည့်သွင်းပြီး သင့်အိမ်က မထွက်ခင် အချက်အလက်တိ ပြည့်စုံမှုဟိ/မဟိ ပြန်စစ်ဆီးဖို့ ဖြစ်ပါရေ။ သင့်အနိန်နန့် ခွင့်မပြုလိုပါကေ အိမ်အပြင်မာထိုင်ပြီး မိန်းခွန်းတိကို ဖြေပီးနိုင်ပါရေ။ ဖြစ်နိုင်ဖို့ဆိုကေ စာရင်းကောက်ထိုင်ပြီး စာရင်းရီးသွင်းဖို့နေရာ စီစိုင်ပေးစီလိုပါရေ။

## ၁၈။ မိန်းခွန်းပုံစံကို အင်တာနက်မှတစ်ဆင့် (online) ဖြည့်ပီးလို့ရပါလား။

မရပါ။ မိန်းခွန်းတိကို သတ်မှတ်ထားရေဒေသတစ်ခု၏ ပထဝီသင်္ကေတတိနန့် ချိတ်ဆက်ထားစွာ ဖြစ်တေအတွက် မိန်းခွန်းပုံစံစာရွက်တိနန့်ရာ အိမ်ထောင်စုတိကို စာရင်းကောက်လားဖို့ ဖြစ်ပါရေ။

## ၁၉။ မိန်းခွန်းပုံစံကို ဝက်ဘ်ဆိုက်ဒ် (website) တစ်ခုထက်ကနိန် ရိုက်ထုတ်ပြီး ကိုယ်တိုင်ဖြည့်လို့ ရပါလား။

မရပါ။ အချက်အလက်တိကို ပုံရိပ်ဖမ်းဖို့ (Scan)နန့် လွယ်ကူစွာ ရှာဖွေနိုင်ဖို့ ရည်ရွယ်ပနာ မိန်းခွန်းတိကို သင်္ကေတအမှတ်အသားတိ (barcode) ထည့်သွင်းထားပါရေ။ ဝက်ဘ်ဆိုက်ဒ်က ရယူထားရေ မိန်းခွန်းပုံစံတိစွာ barcode တိမပါရေအတွက် သန်းခေါင်စာရင်းမိန်းခွန်း ပုံစံတိကို ဝက်ဘ်ဆိုက်ဒ်က ရယူလို့ မရနိုင်ပါ။ barcode တိစွာ မေးခွန်းပုံစံတိကို သတ်မှတ်ဒေသတိနန့် ချိတ်ဆက်ထားစွာ ဖြစ်ပါရေ။ အေနည်းစနစ်အရ အချက်အလက်တိကို ရယူရာမာ တိကျမှန်ကန်မှုကို အထောက်အကူဖြစ်စီပါရေ။



### ၂၀။ အကျွန်စွာ သန်းခေါင်စာရင်း ရည်ညွှန်းချိန်မှာ ဘိုးဘွားရိပ်သာတစ်ခု (ယေမှမဟုတ်) ဟော်တယ်တစ်ခု (ယေမှမဟုတ်) အဖွဲ့အစည်း တစ်ခုခုမာ နီပါက ဇာဖြစ်ဖို့လေး။

အဂုကောက်ယူဖို့ သန်းခေါင်စာရင်းမာ မိန်းခွန်းပုံစံ(၂)မျိုးသုံးဖို့ဖြစ်ပါရေ။ အိမ်ထောင်စုမိန်းခွန်းပုံစံနန့် အဖွဲ့အစည်း မိန်းခွန်းပုံစံဖြစ်ပါရေ။ အိမ်ထောင်စုမိန်းခွန်းပုံစံက သာမန်အိမ်ထောင်စုတိအတွက်ဖြစ်ပနာ အဖွဲ့အစည်းမိန်းခွန်းပုံစံက အဖွဲ့အစည်းတိဖြစ်တေ ဆေးရုံတိ၊ အကျဉ်းထောင်တိ၊ စစ်တန်းလျားတိ၊ ဟော်တယ်တိ၊ ဘုန်းကြီးကျောင်းတိ အစဟိစွာတိမာ အဖွဲ့အစည်းပုံစံနန့် နီရေလူတိအတွက် ဖြစ်ပါရေ။ ယင်းအတွက်နန့် သင့်ကို သင်နေထိုင်ရေနီရာပေါ် မူတည်ပနာစာရင်းကောက်ဖို့ ဖြစ်ပါရေ။

### ၂၁။ အကျွန်ရေယာယီကယ်ဆယ်ရေးစခန်းမာရောက်ဟိနီရေဆိုပါဖိ။ အကျွန်ကို သန်းခေါင်စာရင်းမာ ထည့်ကောက်ဖို့ပါလေး။

ဟုတ်ပါရေ၊ ထည့်ကောက်မာဖို့။ သန်းခေါင်းစာရင်းညဉ့်မာ မြန်မာ့နယ်နိမိတ်ထဲဟိ လူအားလုံး (ကယ်ဆယ်ရေး စခန်းမာ ရောက်ဟိနီလူတိအပါအဝင်)ကို စာရင်းကောက်ဖို့ ဖြစ်ပါရေ။ မြန်မာနိုင်ငံဟိ လူအားလုံးကို လွှမ်းခြုံကောက်ယူနိုင်ဖို့အတွက် ယာယီ ကယ်ဆယ်ရေးစခန်းတိက စီမံခန့်ခွဲလူတိနန့် ပူးပေါင်းစီစဉ်လားဖို့ ဖြစ်ပါရေ။

### ၂၂။ မတ်လ (၂၉)ရက်နေ့ညဉ့်မာ အကျွန်ရို့အေနိုင်ငံပြင်ပမာ ဟိနိန်ပါဖို့။ ယင်းပိုင်ဆိုကေ အကျွန်ရို့ကိုသန်းခေါင်စာရင်းမာ ထည့်ကောက်ဖို့လား။

ဟုတ်ပါရေ၊ သန်းခေါင်စာရင်းညဉ့်မာ ပြည်ပကိုရောက်နိန်ရေ အိမ်ထောင်စုတိ၏အချက်အလက်တိကိုလည်း ကောက်ယူဖို့ ဖြစ်ပါရေ။ ပြည်ပနိုင်ငံကို တရားဝင်လားစွာပင်ဖြစ်ဖြစ်၊ မလားစွာပင်ဖြစ်ဖြစ် ထည့်သွင်းစာရင်းယူဖို့ ဖြစ်ပါရေ။

### ၂၃။ မတ်လ(၂၉)ရက်နေ့ညဉ့်တွင် အကျွန့်၏အိမ်မာ ဧည့်သည်တိရှိနိန်ခပါကေ သူရို့ကို အကျွန့် အိမ်ထောင်စုမာ ထည့်ပြီးရီတွက်ဖို့ပါလား။

မတ်လ(၂၉)ရက်နိန့်ညဉ့်မာ ဇာသူမဆို သင်၏အိမ်မာ အိပ်ခကေ သူရို့ကိုသင်၏ အိမ်ထောင်စုမာ ထည့်သွင်းကောက်ယူဖို့ ဖြစ်ပါတယ်။ မတ်လ(၂၉)ရက်နိန့်ညဉ့်မာ အလုပ်လုပ်နိန်လူတိ၊ လမ်းခရီးမာ ဟိနိန်လူတိ၊ ပွဲတက် နိန်လူတိ မတ်လ (၃၀)ရက်နိန့်မာ ယင်းရို့အိမ်ကို ပြန်ရောက် လာကေ ယင်းရို့ကို သက်ဆိုင်ရာ အိမ်ထောင်စုတိမာရာ ထည့်ကောက်ဖို့ဖြစ်ပါရေ။

### ၂၄။ အိမ်ထောင်စုဝင်မဟုတ်ရေ လူတစ်ယောက် မတ်လ(၂၉)ရက်နိန်ညဥ့်က အကျွန်ရို့အိမ်မာ အိပ်ခကေ သူနိန် အမြဲနိန်ထိုင်ခရေ နိန်ရာမာ သူ့ကိုထည့်ကောက်/မကောက် ဇာပိုင်သိနိုင်ဖို့လဲ။

မတ်လ (၂၉)ရက်နိန့်ညဥ့်မှာ လူများအိမ်ထောင်စုမာ ဟိ/မဟိ သေချာအောင် မိန်းမြန်းပြီးမှ ယင်းတိကို စာရင်းကောက်ဖို့ စာရင်းကောက်တိကို လေ့ကျင့်ပေးထားပါရေ။ အကယ်လို့ မတ်လ(၂၉)ရက်နိန့်ညဥ့်မာ သူ့အိမ်ထောင်စုမာ မဟိကေ သူ့ကိုစာရင်းကောက်ယူဖို့ မဟုတ်ပါ။

### ၂၅။ အကယ်လို့အကျွန်ရေနိုင်ငံခြားသားဖြစ်ကေ၊ အကျွန်ကိုသန်းခေါင်စာရင်းမာထည့်ကောက်ဖို့ပါလေး။

ဟုတ်ပါရေ၊ နိုင်ငံသားဖြစ်စီ/နိုင်ငံခြားသားဖြစ်စီ၊ မြန်မာနိုင်ငံ နယ်နိမိတ်ထဲ အိမ်ထောင်စု (ယေမှမဟုတ်) အဖွဲ့အစည်း(ယေမှမဟုတ်) ယာယီကယ်ဆယ်ရေးစခန်းတိမာ နီလူအားလုံးကို သန်းခေါင်စာရင်းမာ ထည့်ကောက်ဖို့ ဖြစ်ပါရေ။

### ၂၆။ ၂၀၁၄ခုနှစ်သန်းခေါင်စာရင်း၏အဖြေတိကိုပြည်သူလူထုပါးကိုဇာခါလောက် ထုတ်ပြန်ကြော်ငြာဖို့လဲ။

သန်းခေါင်စာရင်း၏ နောက်ဆုံးအဖြေတိကို ၂၀၁၅ ခုနှစ် ပထမလေးလပတ်မာ ထုတ်ပြန်ဖို့ ဖြစ်ပနာ အကြိုရလဒ်တိကို ၂၀၁၄ ခုနှစ် ဩဂုတ်လမာ သိဟိရဖို့ ဖြစ်ပါရေ။

### ၂၇။ သန်းခေါင်စာရင်းရလဒ်တိကို ထုတ်ပြန်ဖို့ ဇာဖြစ်လို အေလောက်တောင် အချိန်ယူရပါလေး။

ခန့်မှန်းခြေအိမ်ထောင်စုပေါင်း(၁၁)သန်းခန့်ပါးက လူတစ်ဦးချင်း၏အချက်အလက်တိကို ကောက်ယူဖို့ ဖြစ်ပါရေ။ အေအချက်အလက်တိကို စုစည်းဖို့နန့် စာရင်းဇယားပြုစုဖို့ အချိန်အများကြီးလိုပါရေ။ ပြီးကေအချက် အလက်တိကို ဆန်းစစ်ခြင်း၊ သုံးသပ်လေ့လာခြင်းတိ ပြုလုပ်ပြီး အများပြည်သူ အလွယ်တကူ နားလည်နိုင်ဖို့ပုံစံနန့် ထုတ်ပြန်ကြေငြာရဖို့ ဖြစ်လို့ အချိန်ယူရစွာဖြစ်ပါရေ။

### ၂၈။ တရားဝင်မဟုတ်ဘဲ ဝင်ရောက်လာရေ လူတိကိုလဲ စာရင်းကောက်ဖို့ပါလား။

ဟုတ်ပါရေ၊ မတ်လ(၂၉)ရက်နိန့်ညဥ့်မာ မြန်မာနိုင်ငံနယ်နိမိတ်ထဲရှိ နီလူအားလုံးကို တရားဝင်သည် ဖြစ်စီ၊ မဝင်သည် ဖြစ်စီ ထည့်သွင်းစာရင်းကောက်ယူဖို့ ဖြစ်ပါရေ။

### ၂၉။ အေမှာတာဝန်ကျရေ စာရင်းကောက်နန့် အဆင်မပြေကေ တခြားစာရင်းကောက် တစ်ယောက်ယောက်နန့် အကောက်ခံလို့ရဖို့လား။

တာဝန်ကျရေစာရင်းကောက်နန့် သန်းခေါင်စာရင်းပုံစံပါ မိန်းခွန်းတိကို ဖြေပြီးချင်ရေဆန္ဒမဟိလို့ဆိုကေ စာရင်းစစ်နန့် ဆက်သွယ် ပနာ အကူအညီတောင်းခံနိုင်ပါရေ။

### ၃၀။ အကျွန်အိမ်မှာနိန်ရေ အိမ်မှုကိစ္စလုပ်တေအလုပ်သမားရှိပါရေ။ သူကို အကျွန်၏ အိမ်ထောင်စုမှာ စာရင်းကောက်ဖို့ပါလား။

ယင့်ချင့်က အခြီအနီပေါ် မူတည်ပါရေ။ အကယ်လို့ သူရေ သင့်အိမ်တောင်စုမှာရာနိန်ပနာ သင်ရို့နန့် အတူစား ရေဆိုကေ သူစွာသင်၏ အိမ်ထောင်စုဝင်တစ်ဦး ဖြစ်တေအတွက် သူကိုသင်၏ အိမ်ထောင်စုမှာ စာရင်းကောက်ပါဖို့။ အကယ်လို့ သူ/သူမ ရေ သီးခြားနီရာတစ်ခုမှာနီထိုင်ပြီး သူအစီအစဉ်နိန့် ချက်ပြုတ်စားရေဆိုကေ သီးခြား အိမ်ထောင်စုအဖြစ် သတ်မှတ်ပနာ သူ့ကိုသီးခြားကောက်ယူဖို့ ဖြစ်ပါရေ။

### ၃၁။ ဇာဖြစ်လို့ ကျား/မနန့် ပတ်သက်တေမိန်းခွန်းကိုမိန်းပြီး အေနိန့်ခေတ်မာ ရေပန်းစားနိန့်ရေ ကျားမ လူမှုရေးရာ (Gender)ကို ဇာဖြစ်လို့ မမိန်းစွာပါလေး။

ကျား/မ ရေယောက်ျားတိနိန့် မိန်းမတိအကြားဇီဝဗေဒအရ ခွဲခြားစွာဖြစ်လို့ ကျား/မစွာပိုပြီးသိပွံနည်းကျရေ အဓိပ္ပါယ်သတ်မှတ် ချက်ဖြစ်ပါရေ။ (Gender) လို့ခေါ်ရေ ကျား/မလူမှုရေးရာ က ယောက်ျားတိနန့်မိန်းမတိအကြား လူမှုရေးအရ ခွဲခြားထားစွာရာဖြစ်ပါရေ။

### ၃၂။ လူမျိုးနန့် ပတ်သက်တေ မိန်းခွန်းတိကို ဇာဖြစ်လို့မိန်းရပါလေး။

လူမျိုးနွယ်တစ်စုချင်း၏ လူဦးရေအကြောင်းအရာတိကို လေ့လာဖို့အတွက် လူမျိုးမိန်းခွန်းကို မိန်းလေ့ဟိပါရေ။ မြန်မာနိုင်ငံထဲမှာ ဇာလူမျိုးတိနေထိုင်ရေ၊ ဇာပိုင်ကွဲပြားခြားနားရေဆိုစွာကို သိဖို့လိုအပ်ရေပိုင် မျိုးနွယ်စုတိ၏ လိုအပ်ချက်တိကိုလည်း ဖော်ထုတ်ပီးနိုင်ဖို့အရေးကြီးပါရေ။ မြန်မာနိုင်ငံသန်းခေါင်စာရင်းမှာ လူမျိုးမိန်းခွန်းကို စာရင်းအင်းကိစ္စအတွက်ရာ ရည်ရွယ်ပနာမိန်းစွာဖြစ်ပါရေ။ လူမျိုးမိန်းခွန်းနန့် ပတ်သက်ပနာ ဇာသူမဆို ကိုယ်လူမျိုး၏နာမည်ကို ကိုယ်တိုင် ထုတ်ဖော်ပြောခွင့်ပြုထားပါရေ။ လူမျိုးကြီး (၈)မျိုးနန့် လူမျိုးစု (၁၃၅)စုကို ဂဏန်းသင်္ကေတ တိပီးထားပနာ ယင်း(၁၃၅)မျိုးထဲမှာ မပါကေ “အခြား” ဆိုရေ ဂဏန်းသင်္ကေတကရွီးပနာ ဖြေဆိုလူကပြောကြားရေ လူမျိုးနာမည်ကို ကွက်လပ်မှာ ရီးသွင်းဖို့ဖြစ်ပါရေ။

### ၃၃။ အကျွန် ရှိ့အိမ်မှာဟိရေ ပစ္စည်းတိနန့် ပတ်သက်ကေမိန်းခွန်းတိကို ဇာဖြစ်လို့မိန်းစွာပါလေး။

လူနေမှုအဆင့်အတန်းကိုသိဟိဖို့နန့် စီးပွားရေးနန့် လူမှုရေးအညွှန်းကိန်းတိ ပြုစုဖို့ (ဥပမာ- လူနေမှု အဆင့်အတန်း အညွှန်းကိန်း) မိန်းမြန်းစွာ ဖြစ်ပါရေ။

### ၃၄။ မသန်စွမ်းသူနန့် ပတ်သက်တေမိန်းခွန်းကို ဇာအတွက်ကြောင့် မိန်းရပါလေး။

မသန်စွမ်းမှုအဆင့်တိကို ခွဲခြားနိုင်ဖို့နန့် မသန်စွမ်းမှု အမျိုးအစားတိကို သိဟိနိုင်ဖို့ မသန်စွမ်းမှုဆိုင်ရာ အချက်အလက်တိစွာ အရေး ကြီးပါရေ။ ယင်းအချက်အလက်တိကနိန် သူ့ရှိ့ ကျန်းမာရေးလိုအပ်ချက်တိနန့် အခြေခံကူညီမှု လိုအပ်ချက်တိကို ဖြည့်ဆည်းပေးနိုင်ဖို့ ဖြစ်ပါရေ။

### ၃၅။ အကျဉ်းထောင်တိ၊ ဆေးရုံတိ အစဟိရေ အဖွဲ့အစည်းတိမာနီရေလူတိကို ဇာပိုင်စာရင်း ကောက်ဖို့လေး။

အဖွဲ့အစည်းတိဖြစ်ရေအကျဉ်းထောင်၊ ဆေးရုံနဲ့ဟော်တယ်အစဟိစွာတိမာ ယင်းအဖွဲ့အစည်းတိမာ တာဝန်ထမ်းဆောင်နီရေလူတိကိုရာ စာရင်းကောက်အဖြစ် တာဝန်ပေးအပ်ဖို့ဖြစ်ပါရေ။ စာရင်းကောက်တိလိုအပ်တေ အချက်အလက်တိကို တာဝန်ဟိလူတိက ပံ့ပိုးပီးဖို့ မေတ္တာရပ်ခံခြင်း ဖြစ်ပါတယ်။ ဟော်တယ်ပိုင်အဖွဲ့အစည်းနီရာမျိုးမာဆိုကေ ညွှန်သည် မှတ်ပုံတင် စာရင်းစာအုပ်ကို အသုံးပြုပနာသန်းခေါင်စာရင်းညဉ့်ခါ ဟော်တယ်မာ ဟိနိန်ရေလူတိကို စာရင်းကောက်ဖို့ ဖြစ်ပါရေ။ အဖွဲ့အစည်းအတွက် ပြုစုထားရေ မိန်းခွန်းပုံစံကို အသုံးပြုပနာ အချက်အလက်တိကို စာရင်းကောက်ဖို့ဖြစ်ပါရေ။

### ၃၆။ ဇာမိန်းခွန်းတိ မိန်းဖို့ပါလဲ။

သန်းခေါင်စာရင်းမိန်းခွန်းပုံစံမာ လူဦးရေဆိုင်ရာ မိန်းခွန်းတိဖြစ်တေ ကျား/မ၊ အသက်၊ အိမ်ထောင်ရေး အခြီအနီ၊ ကိုးကွယ် သည့်ဘာသာ၊ လူမျိုး၊ အစဟိရေ မိန်းခွန်းတိ၊ နီမြဲအရပ်၊ ပြောင်းရွှေ့စွာစသည့် ပြောင်းရွှေ့လားလာစွာနန့်ဆိုင်ရေ မေးခွန်းတိ၊ အထွေထွေကျန်းမာရေးနန့်ဆိုင်ရေ မိန်းခွန်းတိ၊ ပညာရေး၊ အလုပ်လုပ်ကိုင်မှု၊ မွီးဖွားစွာ၊ သေဆုံးစွာနန့် ဝန်ဆောင်မှုတိရဟိမှု အခြီအနီစရေ မိန်းခွန်းတိကို မိန်းဖို့ဖြစ်ပါရေ။

**၃၇။ အကယ်လို့ အကျွန်ရို့ သန်းခေါင်စာရင်းညဉ့်မာ ခရီးထွက်နိန်ကေ (ယေမှမဟုတ်) လူမှုရေးကိစ္စတစ်ခုနန့် အပြင်ရောက်နိန်ကေ ဇာဖြစ်ဖို့လဲ၊ အကျွန်ရို့ကို ဇာမာစာရင်း ကောက်ဖို့ပါလေး။**

မတ်လ(၃၀)ရက်နိန့်မာ သင်ယက်ပြတ်နိန်ထိုင်ရေနိန်ရာ(သင့်အိမ်)ကို ပြန်ရောက်နိန်ပနာ တစ်ခြားနိန်ရာ (ဟော်တယ် ယေမှမဟုတ် တစ်ယောက်ယောက်အိမ်)မာ မအိပ်ခကေ သင့်ကို သင့်ရို့ယက်ပြတ် နိန်ထိုင်ရာ ဒေသမာရာ စာရင်းကောက်ဖို့ ဖြစ်ပါရေ။ ယက်ကေလဲ့သင့်သင်စွာ မတ်လ(၂၉) ရက်နိန့် ညခင်းအချိန်မာ မန္တလေးကနိန်ရန်ကုန်ကို (လမ်းခရီးမာလုံးဝမအိပ်ဘဲ) တောက်လျှောက်လာပနာ ရန်ကုန်ကို မတ်လ (၃၀)ရက်နိန့်မာ ရောက်လာရေဆိုကေသင်စွာ သန်းခေါင်စာရင်း ညဉ့်မာ သင့်နီအိမ်ဟိရေ မန္တလေးမာ ရှိနိန့်ရေသဘောဖြစ်တေအတွက် သင့်ကိုမန္တလေးနီ အိမ်မာရာစာရင်းကောက်ဖို့ ဖြစ်ပါရေ။ သာမန်အားဖြင့် သန်းခေါင်စာရင်းညဉ့်မာ ခရီးထွက်တေလူကို သူရို့ခရီးစထွက်ရေ နေရာမာ ကောက်ယူဖို့ဖြစ်ပါရေ။

**၃၈။ သန်းခေါင်စာရင်းကို မတ်လ(၃၀)ရက်နိန့်မာ စပနာ စာရင်းကောက်ဖို့လို့သိထားပါရေ။ ယေကေလေ့ သင့်သန်းခေါင်စာရင်းကောက်ဖို့ ဆိုပနာ လူတစ်ယောက် လာခပါရေ။ ယင်းလူစွာ တရားဝင် တာဝန်ပီးထားရေလူ ဟုတ်ပါလား။**

သန်းခေါင်စာရင်းစတင်မကောက်ယူခင်သန်းခေါင်စာရင်းရုံး ရေအဆောက်အအုံစာရင်းကို ပြုစုရပါရေ။ အေစာရင်း ကမြေပြင်မာဟိရေ အဆောက်အအုံတိနန့် နီထိုင်ရေနီရာတိဖြစ်ပါရေ။ စာရင်းကောက်တိကို စာရင်းကောက်ယူဖို့ နီရာသတ်မှတ် တာဝန်ပီးရေစာရင်းဖြစ်ပါရေ။ တစ်အိမ်တက်ဆင်း စာရင်းကောက်တေအခါမာလည်း လူကျန်ရစ် ခခြင်းမဟိအောင် အထောက်အကူပီးရေစာရင်းလည်းဖြစ်ပါရေ။ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ဖို့ အတွက် အဆိုပါစာရင်းတိကို ကြိုတင်ပြင်ဆင်ထားရပါရေ။

**၃၉။ မတ်လ(၂၉)ရက်နိန့်က အကျွန်ရို့အိမ်မာရှိနိန်ပါရေ။ ယေကေလေ့သင့် (၃၀)ရက်နိန့် မိုးထမာခရီးထွက်ရဖို့ဖြစ်ပနာ သန်းခေါင်စာရင်းကောက်တေ နောက်ဆုံးရက်ဖြစ်တေ ဧပြီလ (၁၀)ရက်နိန့်ကျော်မှ အိမ်ကို ပြန်ရောက်ဖို့ ဖြစ်ပါရေ။ အကျွန်ရို့ကို သန်းခေါင်စာရင်းထဲမာပါဖို့ ဇာပိုင်လုပ်ရဖို့ပါလေး။**

ကျေးရွာလူကြီး (ယေမှမဟုတ်) မြို့နယ်သန်းခေါင်စာရင်းအရာရှိကို လိပ်စာနန့်ဆက်သွယ်ပါ။သင့် အိမ်က မထွက်ခွာခင် သင့်အိမ်ကိုစာရင်းကောက်တစ်ယောက် စေလွှတ်ပီးပနာ စာရင်းကောက်ဖို့ ဆောင်ရွက်ပေးပါလိမ့်မယ်။

**၄၀။ သန်းခေါင်စာရင်းနန့် ၂၀၁၅ ခုနှစ်မာ ပြုလုပ်ဖို့ ရွေးကောက်ပွဲတိ ဇာတိပတ်သက် ဆက်စပ်မှုဟိပါလေး။**

သန်းခေါင်စာရင်းနန့် ၂၀၁၅ ခုနှစ်မာပြုလုပ်ဖို့ ရွေးကောက်ပွဲတိနန့် လုံးဝပတ်သက်ဆက်စပ်မှုမဟိပါ။ သန်းခေါင်စာရင်းကနိန် နိုင်ငံလူဦးရေကို ကျား/မနန့် အသက်အပိုင်းအခြားအလိုက်ရဟိဖို့ဖြစ်ပါရေ။ ယေကေလေ့ သင့်ယင်းအချက် အလက်တိကို ဥပဒေအရ လျှို့ဝှက်ထားဖို့ ဖြစ်ပါရေ။ ဆိုလိုစွာမာ လူတစ်ယောက်ရေ အသူဖြစ်တေဆိုစွာကို ဇာသူတစ်ဦးတစ်ယောက်မှ သိဟိနိုင်ဖို့ မဟုတ်ပါ။ ယင်းကြောင့် သူရို့ကို မဲဆန္ဒရှင်တိအဖြစ် မှတ်ပုံတင်ဖို့ ရဟိနိုင်ဖို့မဟုတ်ပါ။

ရွေးကောက်ပွဲကော်မရှင်၊ အစိုးရမဟုတ်ရေ အဖွဲ့အစည်းတိ၊ တက္ကသိုလ်တိမှ သုသေသီတိအနိန့်နန့် သန်းခေါင်စာရင်းက ရဟိရေ စာရင်းအင်းတိကိုရာ အသုံးပြုနိုင်ပါရေ။ အကယ်လို့ အုပ်ချုပ်မှုဒေသ တစ်ခု၏ အသက်(၁၈) နှစ်နန့် အထက် စုစုပေါင်းလူဦးရေစွာ မှတ်ပုံတင်ထားရေ မဲဆန္ဒရှင် အရေအတွက်နိန့် ကိုက်ညီမှု ဟိ/မဟိ ဆန်းစစ် လေ့လာနိုင်ပါရေ။ အေအတိုင်း ရွေးကောက်ပွဲအတွက် မဲပေးနိုင်ခွင့် ရှိသူတိုင်း မှတ်ပုံတင်ထားခြင်း ဟိ/မဟိ ဆန်းစစ်ရာမာ အထောက်အကူပြုနိုင်ဖို့ ဖြစ်ပါရေ။

## ၄၁။ သန်းခေါင်စာရင်းနန့် အိမ်ထောင်စု လူဦးရေစာရင်း ဇာပိုင် ဆက်စပ်မှုဟိပါလဲ၊

သန်းခေါင်စာရင်းနန့် အိမ်ထောင်စုလူဦးရေစာရင်း လုံးဝဆက်စပ်မှုမဟိပါ။ သန်းခေါင်စာရင်းစွာ နိုင်ငံ့အတွက် လိုအပ်တေ မှန်ကန်ရေ လူဦးရေသတင်းအချက်အလက်တိနန့် ပြည်သူလူထု လိုအပ်ချက်တိကိုသိဟိနိုင်ဖို့ စာရင်းကောက်ယူရေ လုပ်ငန်း တစ်ခုဖြစ်ပါရေ။ ကမ္ဘာ့နိုင်ငံအားလုံးနီးပါးမာ သန်းခေါင်စာရင်းကောက်ယူလေ့ ဟိကတ်ပါရေ။

စာရင်းကောက်တိ သင်ရို့အိမ်ကိုလာရေအခါ အိမ်ထောင်စုလူဦးရေစာရင်းကို တောင်းကြည့် ဖို့ မဟုတ်ပါ။ စာရင်းကောက်တိက ၂၀၁၄ခုနှစ် မတ်လ(၂၉)ရက်နိန့်ညဥ့်မှာ သင့်အိမ်မာ ဇာသူတိဟိနိန်ရေ ဆိုစွာကိုရာ မိန်းမြန်းဖို့ ဖြစ်ပါရေ။ အေပိုင်ဆောင်ရွက်စွာနန့် သတ်မှတ်ရက်မာဟိရေ နိုင်ငံလူဦးရေကိုရဟိဖို့ ဖြစ်ပါရေ။ သန်းခေါင်စာရင်းတစ်ခုဆိုစွာ နိုင်ငံတစ်နိုင်ငံ၏ လူဦးရေကို လျှပ်တပြက် ဓါတ်ပုံရိုက်ယူစွာနန့် တူပါရေ။

## ၄၂။ တချို့ ပဋိပက္ခဒေသတိမာဆိုကေ စာရင်းကောက်တိ ဇာပိုင်စာရင်းကောက်ဖို့ပါလေး။

၂၀၁၄ ခုနှစ် ဧပြီလ သန်းခေါင်စာရင်း စကောက်တေအချိန်မှာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုတိ ရဟိနိုင်ဖို့လို့တာဝန်ရှိလူတိကယုံကြည်မျှော်မှန်းထားကတ်ပါရေ။အဂုထိလူဝင်မှုကြီးကြပ်ရေးနန့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးအနီနန့် လက်နက်ကိုင် အဖွဲ့ခေါင်းဆောင်တိနန့်တွိ့ဆုံပနာ သန်းခေါင်စာရင်းအကြောင်း ရှင်းလင်းဆွေးနွေးမှုတိပြုလုပ်နိန်ပါရေ။ ပဋိပက္ခဒေသတိ လက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်တော်တော်များများကလည်း လူမှုဖွံ့ဖြိုးတိုးတက်မှုအတွက် သန်းခေါင်စာရင်းစွာ အရေးကြီးကြောင်း နားလည်သဘောပေါက်ကတ်တေအတွက် ပူးပေါင်းပါဝင်ဖို့ စိတ်အား ထက်သန်လျက်ရှိနိန်စွာ ထုတ်ဖော်ပြောနိန်ကတ်ပါရေ။ မြန်မာနိုင်ငံတစ်ဝန်လုံးဟိ နယ်မြေဒေသအားလုံးနန့် လူဦးရေအားလုံးကို သန်းခေါင်စာရင်းမာ လူမျိုးစုအားလုံးနန့် အရပ်ဖက်လူမှုရေးအဖွဲ့တိ ပူးပေါင်းပါဝင်မှုဟိအောင် ဆောင်ရွက်ထားပါရေ။

- လူမျိုးစုတိကို သူရို့နယ်ဒေသထဲမာစာရင်းကောက်တိအဖြစ် တာဝန်ယူပီးဖို့တောင်းဆိုဖို့ဖြစ်ပါရေ။
- သန်းခေါင်စာရင်းနန့် ပတ်သက်ပနာလူထု အသိပညာပီး လုပ်ငန်းတိကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ဖို့ လုပ်ငန်းအစီအစဉ်တိကို ရီးဆွဲပြီးဖြစ်ပါရေ။ အဆိုပါလုပ်ငန်းစဉ်တိကို ပြည်သူလူထုက ပူးပေါင်းပါဝင်လာစီဖို့နန့် သန်းခေါင်စာရင်းစွာ အားလုံးနန့် သက်ဆိုင်မှုရေ သိဟိခံစားလာစီဖို့ တတ်နိုင်သလောက် တိုင်းရင်းသား ဘာသာစကား တိနန့် မကြာခင် ထုတ်ပြန်နိုင်ဖို့အတွက် ဆောင်ရွက်နိန်ပါရေ။ သန်းခေါင်စာရင်း အကောက်ခံဖို့ လူတိုင်းမာ အခွင့်အရေးရှိရေပိုင် တိကျမှန်ကန်ရေ အချက်အလက်တိ ပီးဖို့ကိုလည်းတာဝန်ရှိရေဆိုစွာ ပြည်သူလူထုက သိထားသင့်ပါရေ။
- မြို့နယ်အဆင့် သန်းခေါင်စာရင်းကော်မတီမာလူထုအဖွဲ့အစည်းပုဂ္ဂိုလ်တိပါဝင်ဖို့ဖြစ်ပါရေ။



## ၂၀၁၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ မိန်းခွန်းမာ မိန်းမြန်းဖို့

### လူတိုင်းကို မိန်းရန်

၁။ နာမည်
၂။ အိမ်ထောင်ဦးစီးနှင့် တော်စပ်ပုံ
၃။ ကျား/မ
၄။ ပြည့်ပြီးအသက်
၅။ အိမ်ထောင်ရေး အခြီအနီ
၆။ ကိုးကွယ်ရေဘာသာ
၇။ လူမျိုး
၈။ မသန်စွမ်းမှု အခြီအနီ (အမြင်၊ အကြား၊ ကိုယ်လက်လှုပ်ရှားမှုမာ အခက်အခဲရှိခြင်း၊ မှတ်ဉာဏ် ချို့ယွင်းခြင်း)
၉။ ကိုင်ဆောင်ရေ လက်မှတ်အမျိုးအစား
၁၀။ မွေးဖွားရေ ဇာတိ
၁၁။ နီမြဲ အရပ် (မြို့/ ကျေးလက်)
၁၂။ နီမြဲအရပ်မာ နီထိုင်ရေကာလ
၁၃။ ဒေသတစ်ခုမှ တခြားဒေသတစ်ခုကို ရွှို့ပြောင်းလာရေ အကြောင်းရင်း
၁၄။ နီမြဲအရပ်ကို ပြောင်းမလာခင် နောက်ဆုံးနီ ထိုင်ခရေ ဒေသ (မြို့/ ကျေးလက်)
၁၅။ စာတတ်မြောက်မှု အခြီအနီ (ဇာဘာသာစကားနှင့်မဆို)
၁၆။ လက်ရှိအတန်းပညာသင်ကြားမှု အခြီအနီ
၁၇။ အမြင့်ဆုံး အောင်မြင်ခရေ အတန်း
၁၈။ လွန်ခဲ့သော ၁၂လ အတွင်းလုပ်ကိုင်ခရေ အလုပ်အကိုင်အမျိုးအစား
၁၉။ အဓိက အလုပ်အကိုင်
၂၀။ လုပ်ငန်း-လုပ်ကိုင်ရေ လုပ်ငန်းအဖွဲ့အစည်းနန့် နာမည်

### အိမ်ထောင်ကျခဖူးရေလူ အမျိုးသမီးတိုင်းကို မိန်းမြန်းဖို့ မိန်းခွန်းတိ

၂၁။ စုစုပေါင်းမွေးဖွားခရေ အချေအရေအတွက်
၂၂။ အသက်ရှင်လို့ဟိရေ အချေအရေအတွက်
၂၃။ သေဆုံးလားရေ အချေအရေအတွက်
၂၄။ နောက်ဆုံးမွီးအချေနန့် ပတ်သက်ရေအကြောင်းအရာတိ

## အိမ်အကြောင်းအရာနန့် သက်ဆိုင်ရေမေးခွန်းတိ

၂၅။ နီအိမ်အမျိုးအစား

၂၆။ အိမ်ပိုင်ဆိုင်မှု အခြီအနီ

၂၇။ အလင်းရောင်အတွက် အဓိက သုံးစွဲဖို့ မီးအမျိုးအစား

၂၈။ သောက်/သုံးရီအတွက် အဓိက ရီရဟိမှု အခြီအနီ

၂၉။ အစားအစာ ချက်ပြုတ်ဖို့အတွက် အဓိကလောင်စာအမျိုးအစား

၃၀။ အိမ်သာ အမျိုးအစား

၃၁။ နီအိမ် အဆောက်အအုံမာ အဓိက အသုံးပြုရေပစ္စည်းတိ (အမိုး၊ အကာ၊ အခင်း)

၃၂။ အိမ်ထောင်စုမာဟိရေ ပစ္စည်းအမျိုးအစား (ရေဒီယို၊ TV၊ ကြိုးဖုန်း၊ လက်ကိုင်ဖုန်း၊ ကွန်ပျူတာ၊ အိမ်တွင်အင်တာနက်တပ်ဆင်ထားစွာ၊ ကား (ပစ်ကပ်/ဗင်န်/ထရပ်ကား)၊ မော်တော်ဆိုင်ကယ်/သုံးဘီးကား၊ စက်ဘီး၊ ထွန်စက်၊ မော်တော်ဘုတ်၊ လှည်း (နွား/ကျွဲ/မြင်း)

## အိမ်ထောင်စုသားတိထဲက နိုင်ငံခြားကို ရောက်ဟိနီလူတိ

၃၃။ နာမည်

၃၄။ ပြည့်ပြီးအသက်

၃၅။ ကျား/မ

၃၆။ ထွက်ခွာရေခုနှစ်

၃၇။ ရောက်ဟိနီထိုင်ရေနိုင်ငံ

## လွန်ခဲ့ရေ ၁၂လအတွင်း အိမ်ထောင်စုသားတိထဲက သေဆုံးစွာ အကြောင်းအရာ

၃၈။ နာမည်

၃၉။ ကျား/မ

၄၀။ သီဆုံးစိုင်အသက်

၄၁။ သီဆုံးလူရေမိန်းမအသက် (၁၅-၄၉)နှစ်အတွင်းဖြစ်ပါကေကိုယ်ဝန်ကြောင့် သေဆုံးစွာ/မွီးဖွားစိုင်/သီဆုံးခြင်း/ အချေမွီးဖွားပနာ ၆ ပတ်အတွင်းသီဆုံးစွာ ဟုတ်/မဟုတ် မိန်းမြန်းရန်



အသေးစိတ် ထပ်မံသိရှိလိုပါက ...

www.dop.gov.mm

http://myanmar.unfpa.org/census